ကြီးမားလှသည့် ဒုက္ခစမ်းသပ်မှုနဲ့အတူ ကြီးကျယ်လှသည့်အကျိုးကုသိုလ်လည်း ရှိသည်။ ဧကန်အမှန်ပင်

အလ္လာဟ်အရှင်မြတ်သည်

လူအုပ်စုတစ်စုအားချစ်မြတ်နိုးတော်မူလျှင်

၎င်းတို့အား စမ်းသပ်တော်မူသည်။ အကြင်သူသည်

ဤစမ်းသပ်မှုအပေါ် ကျေနပ်လျှင် ၎င်းသည်

အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိမည်။

အကြင်သူသည် ဤစမ်းသပ်မှုအပေါ်

ကျေနပ်မှုမရှိလျှင်၎င်းသည် အလ္လာဟ်အရှင်မြတ်၏

အမျက်တော်ကိုသာရရှိမည်။

အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကြီးမားလှသည့်ဒုက္ခစမ်းသပ်မှုနဲ့အတူ ကြီးကျယ်လှသည့် အကျိုးကုသိုလ်လည်း ရှိသည်။ ဧကန်အမှန်ပင်
အလ္လာဟ်အရှင်မြတ်သည် လူအုပ်စုတစ်စုအား ချစ်မြတ်နိုးတော်မူလျှင် ၎င်းတို့အား
စမ်းသပ်တော်မူသည်။ အကြင်သူသည် ဤစမ်းသပ်မှုအပေါ် ကျေနပ်လျှင် ၎င်းသည်
အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရရှိမည်။ အကြင်သူသည် ဤစမ်းသပ်မှုအပေါ်
ကျေနပ်မှုမရှိလျှင် ၎င်းသည် အလ္လာဟ်အရှင်မြတ်၏ အမျက်တော်ကိုသာရရှိမည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [အိဗ်နုမာဂျဟ်ကျမ်း။ - သိရ်မိဇီကျမ်း။]

ဤဟဒီးဆ်တော်တွင် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ကျွန် တော်တို့အားအသိပေးမိန့်ကြားထားသည်မှာ မုချဧကန် မုအ်မင်န်သည် တစ်ခါ တစ်ရံတွင် သူ့ ၌ဖြစ်စေ၊သူ၏ဥစ္စာပစ္စည်း၌ဖြစ်စေ၊ အခြားတစ်စုံတစ်ရာ၌ဖြစ်စေ ဘေးဒုက္ခများ ကျရောက်တတ်သည်။အကယ်၍ ၎င်းမုအ်မင်န်သည် ယင်းဒုက္ခများပေါ် သည်းခံခဲ့သော် မုချဧကန်အလ္လာဟ်အရှင်မြတ်သည် ၎င်းအားအ ကျိုးကုသိုလ် ချီးမြှင့်မည်ဖြစ်သည်။ ဘေးဒုက္ခနှင့်၎င်း၏ဆိုးကျိုးသည် ကြီးမားသည်နှင့်အမျှ အလ္လာဟ်အရှင်မြတ် ချီးမြှင့်မည့်အကျိုးကုသိုလ်လည်း ကြီးမားမည်ဖြစ်သည်။ ထို့နောက်ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ရှင်းပြခဲ့သည်မှာ ဘေးဒုက္ခများသည်မုအ်မင်န်အား အလ္လာဟ်အရှင်မြတ် နှစ်သက်တော်မူသည့် လက္ခဏာများအနက်မှဖြစ်သည်။အလ္လာဟ်အရှင်မြတ်၏ စီရင် ဆုံးဖြတ်မှုနှင့် (သက္ကဒီရ်) သတ်မှတ်ချက်သည်မုချဖြစ်ပေါ်လာမည်ဖြစ်သည်။ အကြင်သူသည် ၎င်းအပေါ်သည်းခံကာ ကျေနပ်ခဲ့လျှင်အမှန်တကယ်ပင် အလ္လာဟ်အရှင်မြတ်သည် ထိုအပေါ်မိမိ၏ကျေနပ်နှစ်သက်မှုကိုချီးမြှင့်တော်မူမည်ဖြစ်သည်။ဤသည်ပင် အကျိူးကုသိုလ်အဖြစ် လုံလောက်ပေသည်။ အကြင်သူသည်အလ္လာဟ်အရှင်မြတ်၏ စီရင်ဆုံးဖြတ်မှုနှင့် (သက္ကဒီရ်)သတ်မှတ်ချက်ကိုသဘောတူနှစ်မြို့ခြင်းမရှိလျှင် အလ္လာဟ်အရှင်မြတ်သည် ၎င်းအားနှစ်မြို့တော်မူမည်မဟုတ်ပေ။ ဤသည်ပင် ပြစ်ဒဏ်အဖြစ် လုံလောက်ပေသည်။

